# ဖလုံကံကုန်းကျေးရွာအုပ်စု၊ ဖလုံကံကုန်းကျေးရွာ
# တိုက်ကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ဖလုံကံကုန်းကျေးရွာအုပ်စု၊ ဖလုံကံကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖလုံကံကုန်းကျေးရွာအုပ်စု၊ ဖလုံကံကုန်းကျေးရွာ၊ တိုက်ကြီးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်
ကျေးလက်နေပြည်သူများမှ ကူညီရေးဆွဲသည်။

၂၀၁၇ ခုနှစ်၊ မေလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ဖလုံကံကုန်းကျေးရွာအုပ်စု၊ ဖလုံကံကုန်းကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ် ၇

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်း ပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေး ရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေး ဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါ ဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မေလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>ဖလုံကံကုန်းကျေးရွာ<br>တိုက်ကြီးမြို့နယ်

# ဖလုံကံကုန်းကျေးရွာအုပ်စု၊ ဖလုံကံကုန်းကျေးရွာသယံဇာတပြမြေပုံ
# တိုက်ကြီးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့်အစိုးရ အဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်-ပြည် ကားလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ တိုက်ကြီးမြို့နှင့် မြောက်ဘက်သို့ (၁၁)မိုင်အကွာတွင် ရှိပါသည်။ အရှေ့ဘက်တွင် ပဲခူးရိုးမတောင်တန်းရှိပြီး ၎င်းမှ မာဂရီချောင်းသည် ကျေးရွာအားဖြတ်သန်းလျက် အနောက်ဘက် လှိုင်မြစ်သို့ စီးဝင်ပါသည်။ မြေပြန့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ပါသည်။ ဒေသ၏ ပျမ်းမျှမိုးရေချိန်မှာ ၈၀ လက်မမှ ၁၀၀ လက်မခန့်ရှိပါသည်။ အဓိက စိုက်ပျိုးသီးနှံမှာ စပါးနှင့် မတ်ပဲစိုက်ပျိုးကြပါသည်။ နှစ်စဉ် မာဂရီချောင်းရေလျှံသဖြင့် ကားလမ်းအနောက်ဘက်ခြမ်းသည် ရေလွှမ်းမိုးခြင်းခံနေရပါသည်။ ကားလမ်း အရှေ့ဘက်ခြမ်းသည် ယခုအခါ တာမံဖို့ထားသဖြင့် ရေလျှံခြင်း မရှိသေးပါ။

### (ခ) သဘာဝအရင်းအမြစ်

မြေပြန့်ဒေသဖြစ်၍ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ သဘာဝသယံဇာတ မထွက်ရှိပါ ။ တဘူးလှရေလှောင်ဆည်မှ ဆည်ရေဖြင့် နွေစပါး (၁၁၀)ဧက စိုက်ပျိုးနိုင်သည်။ မိုးစပါး(၁၆၉)ဧက၊ နွေစပါး(၁၁၀)ဧကနှင့် မတ်ပဲ(၄၄)ဧကကို အဓိက စိုက်ပျိုးပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၅၃)စုနှင့် ကျား(၅၂၉)၊ မ(၅၇၁)ဦးဖြင့် လူဦးရေပေါင်း (၁၁၀၀)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၇%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၃၇)ဦး ရှိပါ သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃၉% သည် ဆင်းရဲသည့် အိမ်ထောင်စုအဖြစ် သတ်မှတ်ပြီး (၃%)သည် ချမ်းသာသည့်အဆင့် ၃၅% သည်အလယ်အလတ်အဆင့် ရှိကြပါသည်။ လယ်ယာမြေပိုင်ဆိုင်မှုသည် အိမ်ထောင်စုအားလုံး၏ (၁၁%)၊ စားသောက်ကုန်ရောင်းချသူ (၂၃.၇၁%)၊ စက်ရုံအလုပ်ရုံတွင် လုပ်ကိုင်သူ (၂၃.၇%) အစိုးရဝန်ထမ်းလုပ်သူ (၃.၉၅%)၊ သစ်တောထွက်ပစ္စည်း၊ ငါးရောင်းဝယ်လုပ်ကိုင်သူ (၅.၁၃%) လက်လုပ်လက်စား (၆၁%) ဆိုင်ကယ်၊ ဆိုက်ကား ပို့ဆောင်ရေးလုပ်ကိုင်သူ (၁၁.၈၅%)နှင့် မွေးမြူရေးလုပ်ကိုင်သူ (၂၂.၅၂%)၊ ငါး၊ ကြက်၊ ငုံးစသည်တို့ကို စီးပွားဖြစ်မွေးမြူသူ အနည်းငယ်နှင့် အများအားဖြင့် ဝက်မွေးမြူရေးကို တပိုင်တနိုင် မွေးမြူကြသူများပါသည်။ အိမ်တွင်းစက်မှုလုပ်ငန်းအဖြစ် စက်ချုပ်သူ(၃.၉၅%) ခန့်ရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း လယ်ယာလုပ်ငန်း၊ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ခြင်း၊ ခေါင်းရွက်ဗျက်ထိုး ရောင်းချခြင်း၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စသည်တို့တွင် အလုပ်အကိုင် ရှာဖွေနိုင်ကြပါသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများကို လေ့လာရာတွင် (၃၉%)သည် (၆)လမှ (၁၂)လခန့်ချေးငှားရန် မလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း၊ (၃၉%)သည် အထောက်အပံ့ရသဖြင့် (၃) လမှ (၆)လအထိ စားနိုင်ပြီး (၂၁%)သည် ချေးငှားခြင်းဖြင့် (၃)လလောက် စားနိုင်ကြောင်းတွေ့ရသည်။ အိမ်ထောင်စုများသည် အကြွေးငွေ (၂၀၀၀၀/-) မှ (၁၅၀၀၀၀/-) ထိ တင်ရှိနေကြပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်အများစုသည် ကျန်းမာရေးကောင်းပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုမှာ ကျန်းမာကြပါသည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့တွင် ကျန်းမာရေးအမြင်ရှိကြသဖြင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်အလွန်နည်းလာသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာတွင်း၌ရနိုင်ပြီး မြို့နယ်ဆေးရုံ၊ ဆေးပေးခန်းတို့နှင့် လက်လှမ်းမီ အလွယ်တကူ ရောက်နိုင်ပါသည်။

ယခုအခါ ကျေးရွာတွင် အဝီစိတွင်း ရေသောက်ရေသန့်များကိုသာ သုံးစွဲလာနိုင်သဖြင့် ရေကြောင့်ပတ်သက်သော ဝမ်းပျက်၊ ဝမ်းလျော စသည့်ရောဂါများဖြစ်ပွားမှု နည်းပါးသည်။ လတ်ဆတ်သော အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များ အလွယ်တကူ ဝယ်ယူရရှိနိုင်သဖြင့် အာဟာရ ပြည့်ဝစွာ ရရှိနိုင်ပါသည်။

အထူးအားဖြင့် ကျေးရွာအနေဖြင့် ကျေးလက်ဆေးပေးခန်း အဆောက်အဦများနှင့် ကျန်းမာရေးဆရာ/ဆရာမ မရှိသည်မှာ နှစ်အတော်ကြာပြီ ဖြစ်နေပါသည်။ အဆောက်အဦနှင့် ဝန်ထမ်းခန့်ထားခွင့်ပြုပေးရန် လိုပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်းရှိသဖြင့် အများအားဖြင့် အခြေခံအဆင့်တတ်မြောက်ကြသည်။ အဆင့်မြင့်ပညာ ဘွဲ့ရသူအသင့်အတင့် များပြားသည်။ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုများ နိမ့်ကျဆဲဖြစ်သည်။ သို့ဖြစ်၍ ရရှိမည့်အလုပ်အကိုင် အခွင့်အလမ်းနည်းပါးကြရသည်။

## (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ခေတ်ပညာ အခြေခံကောင်းများရှိလာသည့်အပြင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ကောင်းမွန်စွာ ထိန်းသိမ်းသတ်မှတ်ထားနိုင်ကြသည်။ ကျား/မဆိုင်ရာ အကြမ်းဖက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိ၊ လွတ်လပ်မှုရှိကြသည်။ ပညာရေးနှင့် အခြားနယ်ပယ်များတွင် တန်းတူအခွင့်အရေးရရှိသည်။ ပညာရေးတွင် မူလတန်းဆင့်၌ မိန်းခလေးအရေအတွက်သည် ယောက်ကျားလေးအရေအတွက်နှင့် ညီမျှမှုရှိပြီး အလယ်တန်းဆင့်တွင် (အဆတူ)နှင့် အထက်တန်းအဆင့်တွင် မိန်းခလေးဦးရေများသောကြောင့် အမျိုးသမီး အခွင့်အလမ်းပိုများပါသည်။

ကျေးရွာတွင် နေ့တွက်လုပ်အားသည် အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးပိုင်းတွင်မူ အမျိုးသမီးပါဝင်မှု အလွန်နည်းပါသည်။ ကျား/မတန်းတူ အခွင့်အရေးမျှတမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်း လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ သို့မှသာ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သာသနာ့အကျိုးဆောင်အဖွဲ့၊ သာရေး၊ နာရေးကူညီမှုအသင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီနှင့် လူငယ်များမှ ပရဟိတအသင်းများဖြင့် လူမှုရေးလုပ်ငန်းများကို တက်ကြွစွာလှုပ်ရှား ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသား/သမီးများ ဂတ်အသင်းများမှ ဝါတွင်းကာလနှင့် အခြားဘာသာရေး ကိစ္စရပ်များတွင် ပါဝင်လုပ်ဆောင်လျက်ရှိကြသည်။ လူမှုရေးဆိုင်ရာ အမျိုးသမီးများအဖွဲ့များ လှုပ်ရှားဆောင်ရွက်မှု အားနည်းနေပါသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သတ်၍ အားနည်းကြပြီး စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု တိုးတက်လာနိုင်ပါသည်။

## (ခ) သားငါးနှင့် သီးနှံထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၁၆၉)ရှိပြီး သီးထပ်အဖြစ် မတ်ပဲ(၄၄)ဧကနှင့် နွေစပါး(၁၁၀)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ အထွက်နှုန်းမှာ(၇၅)တင်း၊ နွေစပါး(၁၀၀)တင်းနှင့် မတ်ပဲ(၈)တင်းနှုန်းတို့ ထွက်ရှိကြသည်။ နွေစပါးဧက (၆၀)ကို တဘူးလှရေလှောင်တမံမှ ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများရရှိနိုင်ကြပြီး ကုမ္ပဏီများမှလည်း ဝန်ဆောင်မှုများပေးသည်။ စိုက်ပျိုးရေးအတွက် မျိုးစပါး/မျိုးကောင်း၊မျိုးသန့်များကို စိုက်ပျိုးရေးဌာနကလည်းကောင်း၊ လူမှုကူညီရေးအဖွဲ့ဖြစ်သော တရုတ်တို့မှ ကူညီဖြန့်ဝေပေးခဲ့ပါသည်။ ယခုအခါ လယ်ယာလုပ်ငန်းခွင်တွင် အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရပြီး ကုန်ကျစရိတ် မြင့်တက်မှုကြောင့် စပါးစိုက်ရာတွင် ကြဲပတ်စနစ်ကို သုံးလာကြသည်။ ရိတ်သိမ်းခြွေလှေ့စက်များရှိလာသဖြင့် အချိန်ခါမီ ဆောင်ရွက်နိုင်သဖြင့် အလေအလွင့်နည်းပါးမှု အကျိုးခံစားရပါသည်။ တစ်ခါတရံ ရေကြီး၊ ရေလွှမ်းခြင်း၊ မိုးမမှန်ခြင်း အချိန်အခါနှင့်လည်း ကြုံရတတ်ပါသည်။ စိုက်ခင်းများ၊ စပါး၊ ပဲခင်းတို့တွင် ပိုးကျကာ အချို့ပိုးသတ်ဆေးတို့မှာ ထိရောက်မှု အာနိသင်နည်း၍ ဖျက်ပိုးများခံနိုင်စွမ်းရှိသဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြပြီဖြစ်ပါသည်။

ကျေးရွာတွင် ဂက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၂၀%) ကြက်၊ ငုံးမွေးသည့်အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၂.၅%)နှင့် ငါးမွေးသည့်ဦးရေမှာ (၀.၂%)ခန့်သာ ရှိပါသည်။ ရာသီအလိုက်ဖြစ်တက်သော တိရစ္ဆာန်ရောဂါဖြစ်သော်လည်း ပျက်စီးမှုနည်းပါးသည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးကုသရေးဦးစီးဌာနနှင့် ကူညီပံ့ပိုးမှုပေးသော်လည်း အားနည်းနေသေးပါသည်။ ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် မွေးမြူရေး လုပ်ငန်းဆောင်ရွက်လိုသော်လည်း ထိရောက်သောချေးငွေ၊ ထောက်ပံ့မှုသည် အမှန်တကယ် လုပ်ဆောင်လိုသူ့ လက်ထဲအပြည့်အဝ မရောက်သေးပါ။

## (င) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စက်ချုပ်လုပ်ငန်းအချို့ ရှိပါသည်။ အိမ်ထောင်စုအားလုံး၏ (၃.၉၅%) ခန့်ရှိပါသည်။ အခြားဝင်ငွေရသော လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဆိုင်ကယ်ဖြင့် ပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးများ၊ အစိုးရဝန်ထမ်းများ ရှိကြပါသည်။ ရာသီအလိုက် လယ်ယာလုပ်ငန်းနှင့် ရိုးမတောင်မှ ဝါးခုတ်လုပ်ငန်း တို့ရှိပါသည်။ အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေမကိုက် ဖြစ်ကြရပါသည်။

အချို့အမျိုးသမီးငယ်များ မြို့ပေါ်ရှိ စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်ကြပါသည်။ ထို့ပြင် အခြားသော အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ဝန်ဆောင်မှုမျိုး ပေးနိုင်လာလျှင် အလုပ်လုပ်နိုင်သော အခွင့်အလမ်းများ ပွင့်လာနိုင်ပါသည်။ ဈေးရောင်းချလိုသူများအတွက် ယာယီဈေးနေရာ သတ်မှတ်၍ အခွန်လွတ်ဈေးအဖြစ် ရရှိပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

လယ်ယာမြေများတွင် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ခြင်း၊ ပိုးသတ်ဆေးများကြောင့် အခြားတိရိစ္ဆာန်များပါ ထိခိုက်လာနိုင်ခြင်းတို့ကြောင့် သဘာဝဂေဟစနစ်များ ပျက်ဆီးလာနိုင်ပါမည်။ ကျေးရွာတွင်းမှ ပလပ်စတစ်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာနိုင်သောကြောင့် အသိပညာပေး လုပ်ငန်းပေးခြင်း၊ အမှိုက်များစနစ်တကျ စွန့်ပစ်နိုင်အောင် စီမံပေးသင့်သည်။ ကျေးရွာ၏ လက်လုပ်လက်စားတို့မှာ ပဲခူးရိုးမတောမှ သစ်၊ ဝါးထုတ်လုပ်ရောင်းဝယ်သဖြင့် အခွင့်အလမ်းအဆင်ပြေသော်လည်း တောင်၊ တောင်များပြုန်းတီးလာကာ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပြုန်းတီးခြင်းစသည့် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရဖွယ်ရှိပါသည်။ သစ်၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်လုပ်မှုအား အစီအစဉ်ချမှတ်ကာ ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာတွင် မာဂရီချောင်းသည် ကျဉ်းမြောင်းပြီး ကောလာကာ ရေလွှမ်းမိုးဒဏ်ခံနေရပါသည်။ ရွာ၏အရှေ့ဘက်ခြမ်းသည် ချောင်းရိုးတစ်လျှောက် ရေတားတမံ ဖို့ထားသဖြင့် လယ်ယာများ နေအိမ်၊ စာသင်ကျောင်းတို့ မလွှမ်းသော်လည်း မော်တော်ကားလမ်း အနောက်ဘက်ခြမ်းရှိ နေအိမ်များ၊ လယ်ယာများမှာ ရေလွှမ်းမှုဒဏ်ခံရပါသည်။ လူထုအားဖြင့် ရေတားတမံဖို့သော်လည်း ရေဒဏ်ကို မတားဆီးနိုင်သေးပါ ၎င်းနေရာတလျှောက် ရေတားတမံဖို့သော်လည်း ရေဒဏ်ကို မတားဆီးနိုင်သေးပါ ၎င်းနေရာတလျှောက် ရေတားတမံ ထပ်မံပြုပြင်ပေးရန် လိုအပ်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ငွေထုတ်ချေးပေးပါသည်။ တစ်ရာသီ တစ်ဧကလျှင် တစ်သိန်းငါးသောင်းနှုန်း အတိုး (၀.၇၀)ပြား ဖြစ်ပါသည်။ ကျေးရွာသမဝါယမအသင်းတွင် အသင်းသား (၆၀)ဦးရှိပြီး တစ်ဦးလျှင် (၄)သိန်းနှုန်း အတိုး (၁.၅၀ါး)ဖြင့် ချေးပေးပါသည်။ အသင်းသားများသည်ရရှိသော ချေးငွေမှပြန်လည်၍ စုဆောင်းငွေ ထားရှိပေးပြီးလျှင် စုဆောင်းငွေထားရှိပေးပြီးလျှင် စုဆောင်းထားငွေမှာ နှစ်စဉ်အတိုးခံစားခွင့်ကို ရရှိပေးထားပါသည်။ အခြားငွေကြေးဝန်ဆောင်မှု တစ်ခုဖြစ်သော ကမ္ဘောဇအေလင်းတန်းမှ ကျေးရွာအမျိုးသမီးများအား ပထမအရစ် တစ်သိန်းထုတ်ချေးပါသည်။ တစ်ပတ်တစ်ကြိမ် အတိုးအရင်း ပြန်ဆပ်ရပါသည်။ အတိုးနှုန်း (၁.၅၀ါး) ဖြစ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အထက်တန်းကျောင်းရှိပါသည်။ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေအခင်းအကျင်း ကျောင်းဆောင်ပေါင်း (၇)ဆောင် ရှိပါသည်။ ၁၉၀ပေ×၃၀ပေ (၁၀) ခန်း (၂) ထပ်ဆောင် (၁) ခု၊ (၈၁ပေ×၂၆ပေ) (၂) ခန်း (၁) ထပ်ဆောင် (၁) ခု၊ (၇၀ပေ×၂၄ပေ) (၂) ခန်း၊ (၁) ထပ်ဆောင် (၁)

ဆောင်၊ (၉၀ပေ×၃၀ပေ) (၃) ခန်း (၁) ထပ်ဆောင် (၁) ဆောင်၊ (၇၀ပေ×၂၄ပေ) (၁) ခန်း (၁) ထပ်ဆောင် (၁) ဆောင် (၅၄ပေ×၂၄ပေ) (၁) ထပ် (၂) ခန်း မူလတန်းဆောင် (၉၀ပေ×၃၀ပေ) (၁) ထပ်ဆောင် (၁) ဆောင် (၃) ခန်းတို့ဖြစ်ကြပါသည်။

စာကြည့်တိုက်နှင့် ခန်းမ မရှိသေးပါ နောက်ထပ် (၁၂၀ပေ×၃၀ပေ) (၁) ဆောင်လိုအပ်ပါသည်။ ခြံစည်းရိုးမှ ကျောင်းဝန်း၏ ဘေးနှင့် အနောက် (၁၀၅၀ပေ) သံဇကာ ကာရန် လိုသေးသည်။ လက်ရှိကျောင်းအိမ်သာများ ကောင်းသော်လည်း နောက်ထပ် (၄)ခန်းတွဲ (၁)လုံး လိုအပ်ပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိသော်လည်း ရုံးသုံးကွန်ပျူတာ နှစ်လုံးခန့် ထပ်မံလိုအပ်ပါသည်။

သင်ကြားရေးပိုင်းတွင် အထက်တန်းပြ (၁၄) ဦး၊ အလယ်တန်းပြ (၁၄) ဦး၊ မူလတန်းပြ (၅) ဦးနှင့် ရုံးဝန်ထမ်း (၈)ဦး ရှိပါသည်။ ရုံးဝန်ထမ်း (၂)ဦးနှင့် ကွန်ပျူတာ သင်ဆရာ (၁)ဦး ထပ်မံလိုအပ်နေပါသေးသည်။

ယခုနှစ်တွင် ကျောင်းနေအရွယ်ကလေး ကျောင်းတက်နှုန်း(၁၀၀%) ရှိပါသည်။ မူလတန်းမှ အထက်တန်းထိ အခမဲ့ပညာရေးဖြစ်လာသဖြင့် အခြေခံပညာအထက်တန်းအထိ ပညာသင်မြောက်မှု ပိုများလာပါသည်။ တက္ကသိုလ်ဝင်တန်း အောင်ချက်ကျဆင်းသော်လည်း အောင်ချက်မြင့်မားရေး အတွက် ကြိုးပမ်းလျှက်ရှိပြီး မူဆင့်၊ လယ်ဆင့်၊ အခြေခံအတန်းများကိုပါ မိဘဆရာပူးပေါင်းလျှက် ကျောင်းတက်မှန်ရေးကိုလည်းကောင်း၊ ကျောင်းသားတို့၏ ပညာရေးနှင့် ပတ်သက်၍ မိဘများအား တွေ့ဆုံဆွေးနွေးခြင်း၊ ဘာသာရပ်ဆရာများနှင့် ဆွေးနွေးခြင်းစသည့် အထောက်အကူဖြစ်စေမည့် နည်းလမ်းများကို စီမံဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသေးပါ။ စပါးကိုင်းကျေးရွာ ကျန်းမာရေး ဆရာမမှ တွဲဘက်လုပ်ဆောင် ပေးနေရပါသည်။ ဆေးပေးခန်းဆောက်လုပ်ရန် မြေကွက်ကို စီစဉ်ထားသဖြင့် အမြန်ဆုံး ဦးစားပေးအဖြစ် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကျေးရွာတွင် သောက်သုံးရေ လုံလောက်ပါသည်။ ရေသန့်များ သုံးစွဲသူများလာသဖြင့် ရေကြောင့်ဖြစ်တက်သော ရောဂါများ မဖြစ်ကြပါ ။ အိမ်သာများကို အများအားဖြင့် ကျင်းတူးဝါးခွေ ချထားသည့် ယင်လုံအိမ်သာများ ဖြစ်ကြပါသည်။ တတ်နိုင်သူများက အုတ်ကျင်းများဖြင့် အိမ်သာဆောက်လုပ်ကြပါသည်။ ကျောင်းအိမ်သာများလည်း စနစ်တကျ ဆောက်လုပ်ထားပါသည်။

ကျန်းမာရေးဌာနမှ သွေးလွန်တုတ်ကွေး ခြင်နှိမ်နှင်းဆေးဖျန်းပေးခြင်း၊ ပိုလီယို၊ အဆုပ်၊ ဆင်ခြေထောက်ရောဂါ၊ ဦးနှောက်မေးရောင်ရောဂါ ကာကွယ်ဆေးစသည်များ ကာကွယ်ဆေးထိုးပေးပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ ဆောင်ရွက်ပေးသင့်ပါသည်။ အများအားဖြင့် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လေ့ရှိ

ပါသည်။ ကျေးရွာလူကြီးများမှ လူငယ်များသည် တချိန်တွင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် မဖြစ်မနေ လုပ်ဆောင်လာကြရမည်ဖြစ်၍ ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေးကိစ္စရပ်များတွင် တာဝန်ပေး ဆောင်ရွက်စေလိုပါသည်။ အတွေ့အကြုံကောင်းများရစေရန် နေရာပေးလာကြပါသည်။

**(ဈ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၄ ခုနှစ်က ဖလုံတာဆုံမှ မြိုင်ဟေဝန်ထိ (၁၂)မိုင်ရှိ နှစ်ဘီးသွား ကွန်ကရစ်လမ်းကို ခင်းပေးခဲ့ပါသည်။ စံချိန်မမီသဖြင့် ပျက်စီးလာပြီးဖြစ်ပါသည်။ (၁၂)ပေအကျယ် ကွန်ကရစ်အပြည့် ခင်းပေးပါက သွားလာရေး ကောင်းမည်ဖြစ်ပါသည်။

ကျေးရွာတွင် လမ်းများမှာ မြေသားလမ်းဖြစ်ပါသည်။ သွားရေးလာရေးအတွက် ဆိုင်ကယ် (၃၀) ဦး၊ ထော်လာဂျီ (၄) စီး၊ ထရပ်ကား (၅) စီး၊ လိုက်ထရပ် (၁) စီး၊ ဆိုက်ကား (၄) စီးစသည်ဖြင့် ကုန်ပစ္စည်းနှင့် ပို့ဆောင်ရေးလုပ်ပါသည်။

ကျေးရွာလျှပ်စစ်မီးကို ၂၀၁၂ ခုနှစ်မှစ၍ အိမ်ထောင်စုအားလုံး၏ (၉၅%) မှာ သွယ်တန်းအသုံးပြုနေပြီးဖြစ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ရေး လူမှုဝန်ဆောင်မှုများအတွက်အသုံးပြုလာနိုင်ခဲ့ပါသည်။ အင်တာနက်ဖြင့် သတင်းအချက်အလက်များ ချိတ်ဆက်အသုံးပြုလာနိုင်ခဲ့သည်။ ကျေးရွာစာကြည့်တိုက်ရှိသော်လည်း ထိရောက်စွာအသုံးပြုခြင်း အလွန်နည်းပါးနေပါသည်။

**(ည) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ဖလုံဘူတာရဲစခန်းနှင့် နီးသဖြင့် အလျင်အမြန် ဆက်သွယ်နိုင်ပါသည်။ မိုဘိုင်းဖုန်း လူတိုင်းအသုံးပြုလာနိုင်သဖြင့် သတင်းအချက်အလက်များနှင့်အရေးပေါ်ကိစ္စရပ်များအတွက် အလျင်အမြန် ဆက်သွယ်လာနိုင်ပါသည်။ ရာဇဝတ်မှု အမှုအခင်းများဖြစ်ပွားခြင်း မရှိပါ။ ယခင်ကထက် မော်တော်ကား၊ ဆိုင်ကယ် အသွားအလာများလာသဖြင့် အက်စီးဒင့်များ ဖြစ်လာတက်ပါသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်ရေးဆွဲထားခြင်း မရှိသော်လည်း ကြုံတွေ့မှုမရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် (33KV) ဓာတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင်သဖြင့် ကျေးရွာသူ/သားများ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းနှင့် စီးပွားရေးလုပ်ငန်း၊ အခွင့်အလန်းများအတွက် အထောက်အပံ့ကောင်း ဖြစ်လာပါမည်။

လူဦးရေ၏ (၆၇%)မှာ အလုပ်လုပ်နိုင်သော အရွယ်ကောင်းများရှိကြသည်။ ဘွဲ့ရနှင့် အခြေခံ ပညာအထက်တန်းထိ ပြီးမြောက်သူများရှိသည့်အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ အခွင့်အလမ်းပေးနိုင်လျှင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပေမည်။ ကျေးလက် ဆေးပေးခန်း မရှိသော်လည်း ကျန်းမာရေးဌာနအနေဖြင့် (HIV)ရောဂါနှင့် အခြားကူးစက်ရောဂါများအတွက် ပညာပေးခြင်း၊ သွေးလွန်တုတ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်း စီမံချက်အရ ကာကွယ်ဆေးများ အချိန်မှန်ထိုးပေးခြင်း၊ မိခင်နှင့် ကလေးကျန်းမာရေးစသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ပါသည်။ ဆေးရုံ၊ ဆေးပေးခန်းတို့နှင့် အမြန်ဆက်သွယ်နိုင်သဖြင့် လူထုကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိနိုင်ပါသည်။

စာသင်ကျောင်းအတွက်လည်း ယခင်ကထက် ပံ့ပိုးမှုကောင်းလာခြင်း အဆောက်အဦ၊ ပရိဘောဂပြည့်စုံလာခြင်း၊ အခမဲ့ပညာရေးအတွက် ဌာနအပြင်၊ ပြင်ပလူမှု အဖွဲ့အစည်းများမှလည်း စာရေးကိရိယာများ အဝတ်အထည်များ ပံ့ပိုးကူညီမှုလည်း ရှိလာပါသည်။

တောင်သူများ၏ သီးနှံရောင်း ဝယ်ပို့ဆောင်ရေးမှာ လမ်းပန်းသာပါသည်။ လယ်မြေများကို ဧကအကွက် ဖော်ဆောင်ရေး၊ ကုန်ထုတ်လမ်း၊ ရေသွယ်မြောင်းများ စသည်များကို ပြုပြင်ရန် စီစဉ်လျှက်ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန် ရောင်းချနိုင်သော ဈေးကွက်ကောင်းရှိသဖြင့် ကြက်၊ ဝက်၊ ငုံး၊ ငါးစသည်တို့ကို တိုးချဲ့မွေးမြူနိုင်ပြီး သက်ဆိုင်ရာ တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ နည်းပညာ၊ ဆေးဝါးပံ့ပိုးပေးနိုင်ရန် လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းမှုကြောင့် ရောင်းဝယ်ဈေးကွက်နှင့် လူမှုဝန်ထမ်းများအတွက် ဖုန်းအင်တာနက် သတင်းအချက်အလက်များနှင့် ချိတ်ဆက် အသုံးပြုလာမှုသည် တိုးတက်မှု အခြေအနေကောင်းများပင် ဖြစ်ပါသည်။

## (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင် အခြားသယံဇာတပစ္စည်းမရှိသော်လည်း၊ ပဲခူးရိုးမမှ ဝါးနှင့် သစ်တောထွက်ပစ္စည်းများလုပ်ကိုင်သုံးစွဲနေကြရသော်လည်း တောတောင်ပြုံးတီးမှု အန္တရာယ်နှင့် ရင်ဆိုင်ရပါသည်။ လယ်သမားများအဖို့ လယ်ယာမြေမတိုးချဲ့နိုင်သော်လည်း ယခုထက်ပို၍ သီးနှံအထွက်နှုန်းတိုးအောင် တာတမံများပြုပြင်ခြင်း၊ ကောနေသော ချောင်းများတူးဖော်ခြင်း၊ ရေသွယ်မြောင်းများကို တိုးချဲ့ဖောက်လုပ်ခြင်း၊ ကုန်ထုတ်လုပ်လယ်သမားများအဖို့ လယ်ယာမြေ မတိုးချဲ့နိုင်သော်လည်း ယခုထက်ပို၍ သီးနှံအထွက်နှုန်းတိုးအောင် တာတမံများပြုပြင်ခြင်း၊ ကောနေသောချောင်းများ တူးဖော်ခြင်း၊ ရေသွယ်မြောင်းများကို တိုးချဲ့ဖောက်လုပ်ခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း စသည်များ ဆောင်ရွက်ပေးသင့်ပါသည်။ သီးနှံအထွက်နှုန်း ထိခိုက်နိုင်သော ဖျက်ပိုးနှိမ်နင်းရေး အတွက် အထောက်အပံ့များ လိုအပ်ပါသည်။ ကျေးရွာအတွက် စိုက်ပျိုးရေးဘဏ်၊ သမဝါ ယမ၊ အခြားကုမ္ပဏီများ မွေးမြူရေးဦးစီးဌာနတို့မှ ချေးငွေများရကြပါသည်။ အမှန်တကယ်လိုအပ်သော သူများထံသို့ အချိန်အခါမီ ရရှိနိုင်ရန်နှင့် အများထင်သာမြင်သာအောင် မဆောင်ရွက်နိုင်ခြင်းသည်

အခက်အခဲတစ်ရပ်ဖြစ်ပါသည်။ ခေါင်းရွက်ဗျက်ထိုး ဈေးသည်များအတွက် ယာယီလမ်းဘေး ကွက်လပ်တစ်ခုတွင် ဈေးတန်းပြုလုပ်ထားရမည်။ နေရာသီးသန့် ဈေးနေရာမပေးနိုင်ပါ။

## ၆။ ပန်းတိုင်နှင့် ဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးရွာ၏လာမည့် (၅)နှစ်တာ ကာလအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က-၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးခြင်း အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများမှရရှိသော စွမ်းဆောင်ရည်များနှင့် စီးပွားတိုးတက်အောင် ဆောင်ရွက်ရမည်။

က-၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ပညာရေးမှတဆင့် လူသားတို့၏ စွမ်းဆောင်ရည် မြင့်မားလာစေရမည်။

က-၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းပြီး စွမ်းဆောင်ရည် မြင့်မားလာမှုဖြင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု တိုးတက်စေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့လည်း အထက်ပါ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များရောက်ရှိရန် အောက်ပါ အကောင် အထည်ဖော်ဆောင်မှုကို ဆောင်ရွက်သွားကြပါမည်။

ခ-၁) ကျေးရွာတွင် မတည်ရင်းနှီးငွေ၊ နည်းပညာတို့ကို အသုံးချနိုင်စွမ်းရှိအောင် ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေး ချေးငွေရရှိရေးအတွက် မြို့နယ်စီးပွားရေးဘဏ်၊ သမဝါ ယမနှင့် အခြားချေးငွေရရှိနိုင်ရာ ဌာနများနှင့် ချိတ်ဆက်ပေးမည်။ ရရှိလာမည့် ချေးငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား တနိုင်တပိုင်လုပ်ငန်းများအတွက် ခွဲဝေချထားပေးပါမည်။

ခ-၂) စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းတက်ရောက်စေကာ ၎င်းတို့မှတဆင့် ကျေးရွာသို့ ဆင့်ပွားပညာ မျှဝေပေးကာ လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချလာစေရမည်။ မိသားစုဝင်ငွေရရှိရေးအတွက် အပ်ချုပ်၊ ဇာပန်းထိုး၊ မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ အလှပြင်၊ စက်ပြင်သင်တန်းများ တက်ရောက်နိုင်ပြီး လုပ်ငန်းထူထောင်နိုင်ရန် အရင်းအနှီး ပံ့ပိုးပေးမည်။

ခ-၃) ကျေးရွာအထက်တန်းကျောင်း၏ နှစ်စဉ်တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေးအတွက် ဆရာ/မများ မိဘများ၊ ကျောင်းအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းကူညီဆောင ရွက်သွားမည်။ ကျောင်းဝင်းလုံခြုံရေးအတွက် လိုအပ်နေသေးသော ခြံစည်းရိုး၊ ကျောင်းဆောင်၊ ဝန်ထမ်း

အင်အားစသည်တို့ရရှိရေးကို ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ ပညာရေးမြင့်မားရေးကို ပူးပေါင်းဆောင်ရွက်ပေးမည်။

ခ-၄) ကျွန်ုပ်တို့ကျေးရွာတွင် ဦးစားပေးအဓိက ဆောင်ရွက်ရမည့် ကျန်းမာရေးဆေးခန်း၊ လမ်းများ၊ ဈေးရုံ၊ စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး၊ ချောင်းရေလျှံနိုင်သဖြင့် ကမ်းပတ်တာတမံများဖို့ ရန်စသည့် အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးကို လုပ်ဆောင်သွားမည်။ လမ်းတံတား၊ အဆောက်အဦးများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တိုးတက်အောင်ဆောင် ရွက်သွားမည်။ ကျေးရွာတွင် ဖွဲ့စည်းထားသော အခြေပြုလုပ်မှုအဖွဲ့အစည်းများကို စီမံခန့်ခွဲဦးဆောင် နိုင်ရန် အားပေးကူညီသွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စ

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင် ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျေး ရွာအဆင့်ထိ ပံ့ပိုးမှုပေးတိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေ ဖော်ထုတ်ပေးနိုင် ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ နောင်အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့ကောင်း များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ စဉ်များကိုလည်း သတ်မှတ် ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်ပါသည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် သီးထပ်အဖြစ် မတ်ပဲကို အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥ တုနှင့် အချိန်အခါကို မနှောင်းစေဘဲ စိုက်ပျိုးနိုင်ရန်နှင့် သီးနှံအထွက်ကောင်းရန် သီးနှံဖျက်ပိုး ထိ ရောက်စွာနှိမ်နင်းရန်အတွက် နည်းပညာအရေးကြီးလိုအပ်၏။ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာ အသုံးပြုပုံများကို ပညာပေးကူညီပံ့ပိုးဆောင်ရွက်သင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများမှ လိုအပ်သော ချေးငွေရရှိရန် ပိုမိုလွယ်ကူသော စနစ်များဖြင့် ဆောင်ရွက်ပေးသင့်သည်။ လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များ လုပ်ငန်းအသီးသီး အလိုက်အထိုက် အလျောက်လုံလောက်သော ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါ ယမအသင်း ဖွဲ့စည်းထားသဖြင့် မြို့နယ်သမဝါယမအသင်းမှ နှစ်စဉ်ချေးငွေများ ချပေးပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးနိုင်မည့် အလားအလာရှိပြီး လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိလာမည်။ လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ ဈေးကွက်နှင့် သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတွင် စက်ချုပ်လုပ်ငန်း၊ ပန်းဘဲလုပ်ငန်း၊ ဘထ္ထရီလုပ်ငန်းစသည့် အမျိုးမျိုးသော လုပ်ငန်းများအတွက် စီမံခန့်ခွဲရေး ထောက်ပံ့ရေးကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းခက်ခဲမှုရှိပါသည်။ မြို့နယ်အနေဖြင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့နှင့် ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့မှ ဝန်ဆောင်မှုမျိုး ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ မြို့နယ်မှ ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သော ရန်ပုံငွေလည်း ရှိသင့်ပါသည်။

**(င) ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရေး**

ယခင်က ကျေးရွာ၏ ဆေးပေးခန်းအတွက် ကျန်းမာရေးဆရာမ ခန့်ထားပေးရာမှ နောက်ပိုင်းခန့်ထားပေးခြင်းမရှိခဲ့ရာ နှစ်ပေါင်း(၁၅)နှစ် ခန့်ကြာပြီဖြစ်ပါသည်။ ဆေးပေးခန်း ဆောက်လုပ်နိုင်မည့်နေရာအတွက် မြေကွက်ပိုင်ရှိမှ (၆၀ ပေ × ၄၀ ပေ)ခန့်နေရာကို လှူမည်ဖြစ်ရာ သက်ဆိုင်ရာမှအဆောက်အဦအတွက် လိုအပ်သော ရန်ပုံငွေချမှတ်ပေးသင့်ပါသည်။

**(စ) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာ၏ လက်ရှိယာယီ ပျံကျဈေးအဖြစ် သတ်မှတ်ရောင်းချနေရပါသည်။ ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှရွာများပါ အကျိုးခံစားစေနိုင်သဖြင့် မြို့နယ်သက်ဆိုင်ရာ အဖွဲ့အစည်းတို့မှ စနစ်တကျသော ဈေးတစ်ခုဖြစ်ပေါ်လာနိုင်ရေးကို ကူညီပံ့ပိုးပေးသင့်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည်

ငါးနှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါ က အနည်းနှင့်အများဆို သလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ် ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional classification) ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီ အစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစား ပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | |
|---|---|---|---|---|---|
| *ကျန်းမာရေး* | အခြေခံအဆောက်အဦဆောက်လုပ်ခြင်း။ | ၉၀ | ၁ | ကျေးရွာ ဆေးပေးခန်း တည်ဆောက်ခြင်းနှင့် ဝန်ထမ်းများ ခန့်ထားနိုင်ရေး။ | |
| *သဘာဝဘေးအန္တရာယ်* | ရေကြီးရေလျှံခြင်းမှ ကာကွယ်ခြင်း။ | ၈၂ | ၂ | တာတမံဖို့ခြင်း၊ ချောင်းတိမ်ကောမှုကို တူးဖော်ခြင်း | |
| *အခြေခံအဆောက်အဦ* | ကျေးရွာတွင်းလမ်းနှစ်သွယ်အား ပြုပြင်ခြင်း။ | ၇၇ | ၃ | ကျေးရွာတွင်းရှိ လမ်းနှစ်သွယ်အား မြေသားဖို့ခြင်း၊ ကွန်ရစ်လမ်းခင်းခြင်း။ | |
| *အားကစား* | ကျေးရွာဘောလုံးကွင်း ပြုပြင်ခြင်း။ | ၇၆ | ၄ | လက်ရှိဘောလုံးကွင်းအား နယ်နိမိတ် သတ်မှတ်၍ မြေသားပြုပြင်ခြင်း။ | |
| *စိုက်ပျိုးရေး* | စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတနှင့် နည်းပညာ ကျွမ်းကျင်မှုပေးခြင်း။ | ၇၂ | ၅ | စိုက်ပျိုးရေးပညာဗဟုသုတ ရရှိစေရန်နှင့် နည်းပညာအသုံးချ ကျွမ်းကျင်မှု သင်တန်းပေးခြင်း။ | |
| *အခြားဝင်ငွေရလုပ်ငန်းများ* | အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရေး | ၇၀ | ၆ | လုပ်ငန်းခွင် တိုးတက်စေမှု သင်တန်းနှင့် ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းပေးခြင်း၊ ဒေသနှင့် လျော်ညီသော ကုန်ထုတ်လုပ်ငန်း၊ အိမ်တွင်းမှုသင်တန်းပေးခြင်း။ | |
| *ပညာရေး* | အစည်းအဝေး ခန်းမဆောင် ဆောက်လုပ်ခြင်း | ၆၄ | ၇ | ကျောင်းတွင် လိုအပ်နေသေးသော အစည်းအဝေး ခန်းမဆောင်တစ်ခု ဆောက်လုပ်ခြင်း။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | အခြေခံ အဆောက်အဦ ဆောက်လုပ်ခြင်း။ | ၁ | Â | Â | Â | Â | |
| ၂ | ရေကြီးရေလျှံခြင်းမှ ကာကွယ်ခြင်း။ | ၂ | | Â | Â | Â | |
| ၃ | ကျေးရွာတွင်းလမ်း နှစ်သွယ်အား ပြုပြင်ခြင်း။ | ၃ | Â | Â | Â | Â | Â |
| ၄ | ကျေးရွာဘောလုံးကွင်း ပြုပြင်ခြင်း။ | ၄ | | | | Â | Â |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတနှင့် နည်းပညာ ကျွမ်းကျင်မှုပေးခြင်း။ | ၅ | | | Â | Â | Â |
| ၆ | အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရေး။ | ၆ | | | Â | Â | Â |
| ၇ | အစည်းအဝေး ခန်းမဆောက်ဆောက်လုပ်ခြင်း။ | ၇ | | | | Â | Â |

## ၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | အခြေခံ အဆောက်အဦ ဆောက်လုပ်ခြင်း။ | | | | | |
| ၂ | ရေကြီးရေလျှံခြင်းမှ ကာကွယ်ခြင်း။ | | | | | |
| ၃ | ကျေးရွာတွင်းလမ်း နှစ်သွယ်အား ပြုပြင်ခြင်း။ | | | | | |
| ၄ | ကျေးရွာဘောလုံးကွင်း ပြုပြင်ခြင်း။ | | | | | |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတနှင့် နည်းပညာ ကျွမ်းကျင်မှုပေးခြင်း။ | | | | | |
| ၆ | အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရေး။ | | | | | |
| ၇ | အစည်းအဝေး ခန်းမဆောင် ဆောက်လုပ်ခြင်း။ | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး

အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး

ပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို(၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ် စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြ

ပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိက ထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၉ | ၈ | ၁၇ | ၁.၅% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃၄ | ၃၅ | ၆၉ | ၆.၃% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၃၂ | ၇၃ | ၆.၆% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၆ | ၅၃ | ၁၀၉ | ၉.၉% |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၅၆ | ၃၉၃ | ၇၄၉ | ၆၈% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၉ | ၅၀ | ၇၉ | ၇.၂% |
| **စုစုပေါင်း လူဦးရေ - ၁၁၀၀** | | **၅၂၅** | **၅၇၁** | **၁၁၀၀** | **၉၉.၅%** |
| **စုစုပေါင်း အိမ်ထောင်စု - ၂၅၃** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ -** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ရွာတွင် လူဦးရေများသဖြင့် အလုပ်အကိုင်နှင့် နေရာထိုင်ခင်း မြေနေရာအခက်အခဲရှိပါသည်။ ပြင်ပစက်ရုံအလုပ်ရုံများရှိရာသို့ အချို့လုပ်ကိုင် လာကြသဖြင့် လယ်ယာလုပ်ငန်းတွင် လုပ်သားရှားပါးလာသည်။ ကျပန်းအလုပ်သမားများမှာ လုပ်ငန်းအပေါ်မူတည်၍ အပြောင်းအလဲရှိသည်။ ရာသီအလိုက်သာလုပ်ငန်းပေါ်သဖြင့် ထာဝစဉ်မရနိုင် ပွင့်လင်းရာသီတွင် အချို့မှာ ဝါးခုတ်ခြင်း ကားပေါ်ဝါးတင်ခြင်းသာရှိသည့် စားဝတ်နေရာအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းနေသေးသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

## (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၈ | ၁၁% | | ၂၈ | ၅၆ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅၀ | ၁၉.၇% | | ၅၀ | – | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၇.၉% | | ၂၀ | ၄၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၀ | ၁၁.၈% | | ၃၀ | – | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၇.၉% | | ၂၀ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၂% | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၂% | | ၁၂ | | စက်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၈.၇% | | ၁၅ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၃.၉% | | ၁၀ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၃% | | ၁ | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |

| စဉ် | လုပ်ငန်းများ | | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | မိသားစု ဝင် လုပ်အား | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁.၉% | | ၅ | ၃၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၆ | **ပညာရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၃% | | ၂ | ၁၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆၀ | ၂၃.၇% | | ၇၂ | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| | **စုစုပေါင်း** | **၂၅၃** | **၉၉.၅%** | | **၂၆၅** | **၁၄၅** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ရွာတွင် (၇၄၉) ရှိပါသဖြင့် ရာသီအလိုက် လုပ်ငန်းလေးများ ထားရှိပါသဖြင့် အခြားဝင်ငွေရလုပ်ငန်းအခွင့်အလမ်းနည်းပါးပြီး ကျေးရွာတွင် လယ်ယာ လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်

ကျကာ မိသားစု စားဝတ်နေရေး ဖူလုံကြသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၅၀၀ | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၃၅၀၀ | | ၃၀၀၀ | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | ၅၀၀၀ | | ၃၅၀၀ | စက်ချုပ် |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံးကံကုန်းကျေးရွာတွင် အလုပ်အကိုင်ရှားပါးသဖြင့် ရရာအလုပ်ကို လုပ်ရသဖြင့် လုပ်အားခမှာ အမှန်မရှိပါ။

## (၁.၃) သဘာဝရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၆၉ | သင့် | ရသည် | ဆည်မြောင်းပတ်လည် ၁၁၀ဧက |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၁၆၉** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်** ။ ။ ကျွန်တော်တို့ရွာတွင် စိုက်ပျိုးနိုင်သောဧက (၁၆၉) ရှိပြီး နွေစပါး ဆည်ရေရရှိသော စိုက်ဧကမှာ (၁၁၀)ဧကဖြစ်ပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | | |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာတွင် အခြားကာဗွန်နှင့် သဘာဂဓါတ်ငွေ့များမထွက်ရှိပါ။ သဘာဂတိရစ္ဆာန်မျိုးစိတ်အဖြစ် ဖျိုင်း၊ လယ်ငှက်အချို့ကိုသာ တွေ့ရပြီး နွားစာကို လယ်ကန်သင်းရိုးများမှ ရရှိပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၃-၁၅ | ၃- ၁၀ ဧက | မရှိ | မရှိ |
| အိမ်အခြေအနေ | တိုက်ခံအိမ် | ပျဉ်ထောင် | သွပ်မိုး၊ ထရံကာ | ဝါးအိမ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ချွေလှေစက် | တွန်စက်၊နွားလှည်း | နွားလှည်း | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV/Phone ပန်ကာ/ ရေခဲသေတ္တာ | Phone/ TV ပန်ကာ | Phone/ TV | Phone စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်/ကား | လယ် | ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | ကား- ၅ | ထော်လာဂျီ- ၄ | - | - |
| **အိမ်ထောင်စု - ၂၅၃** | **၂၉ (၁၀%)** | **၃၃ (၁၂%)** | **၁၃၀ (၅၁.၄%)** | **၈၁ (၁၃%)** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၅၀) သာရှိပြီး ကျန်အိမ်ထောင်စုများမှာ အသင့်သင့်သော အိမ်ထောင်စုဖြစ်ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၀ | ၂၀.၈% | ကောက်စိုက်ပေး၊ စပါးရိတ်ပေးသူ |
| ၃ လနှင့် ၆ လအောက် | ၁၉ | ၃၉.၆% | သစ်ခုတ်/ဝါးခုတ် |
| ၆လ မှ ၁၂ လ အထိ | ၁၉ | ၃၉.၆% | လပေးယူငင်စားသောက် |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာတွင်း၌ အိမ်ထောင်စုများမှာ ကောက်စိုက်ပေးစပါးရိတ်ပေးများနှင့် သစ်ခုတ်/ဝါးခုတ်၊ လပေးများဖြင့် ယူငင်ကာစားသောက်နေကြကြောင်း တွေ့ရှိရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာတွင် ရာကြံ၍ လုပ်စားရသောကြောင့် ထိခိုက်လွယ်မှုနည်းပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၄၂)စုနှင့် မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု (၁၁) စုရှိပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ရေကြီးရေလျှံသောကြောင့် |
| ၂ | သဘာဝရင်းမြစ် | မြင့် | ဆည်ရေလုံလောက်စွာမရရှိ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | | |
| ၃ | ရေကြီးခြင်း | မြင့် | နှစ်စဉ်ရေကြီးခြင်း |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | လတ် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ရေကြီးခြင်းကြောင့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | စီးပွားဖြစ်ခုတ်ယူသူရှိ |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | တောတောင်နှင့် နီးစပ် |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးအသိပညာရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | နွားများရာသီအလိုက်ရောဂါဖြစ်ပွား |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | တိုက်ကြီးမြို့နှင့်အလွန်ဝေးကွာသည် |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာ တည်နေရာ၏ မြောက်ဘက်ပိုင်းတွင် မာဂရီချောင်းသည် အရှေ့ဘက်မှ အနောက်ဘက်သို့ဖြတ်သန်းစီးဆင်းရာ ချောင်းသည်ယခုအခါ နုန်းပို့ချမှုကြောင့်ကောလာပြီးကျဉ်းမြောင်းလာသည့်အခါ မိုးရာသီ၌ ရေကြီးရေလျှံဖြစ်ပါသည်။ ချောင်း၏အထက်ပိုင်းကို တာတမံဖို့ထားသဖြင့် လယ်မြေနှင့်အိမ်များရေလျှံမှုသက်သာသော်လည်း ချောင်း၏ အောက်ပိုင်းရွာအတွင်း၌ ပြည်ကားလမ်းအနောက်ဘက် အိမ်များနှင့်လယ်မြေများရေလွှမ်းခံနေရသည်။ ချောင်းရိုးတစ်လျှောက် တူးဖော်ခြင်း၊ ကမ်းပတ် တာတမံပြုလုပ်ပေးသင့်သည်။ ကိုယ်ထူကိုယ်ထတာမံဖို့ပေးထားသော်လည်း မလုံလောက်ပါ နှစ်စဉ်အိမ်ခြေ (၅၀) ကျော်နှင့် လယ်မြေများရေလွှမ်းခံနေရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ပင်ပန်းစွာလုပ်ကိုင်ရ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ပုံမှတ်ဝင်ငွေမရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ရေကြီးခြင်းကြောင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် | တစ်ခါတစ်ရံဆင်အန္တရာယ်ရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်အခွင့်အလမ်းရှားပါးလာခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍စျေးရောင်း သူများ | နိမ့် | ကျေးရွာ၌ ရောင်းခြင်း |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသဖြင့် ထိခိုက်သက်ရောက်မှုများရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကျေးရွာလယ်/ ဆည် | ၁ | ၅ | - | ၅ | လယ်မြေကိစ္စ | ၄ | ၇ |
| ၂ | အလင်းတန်း | ၁ | - | ၇ | ၇ | ချေးငွေလုပ်ငန်း | ၅ | ၇ |
| ၃ | လူငယ်အဖွဲ့ | ၂ | ၃၀ | ၃၀ | ၆၀ | ဘာသာရေး | ၄ | ၆ |
| ၄ | မီးလင်းရေး | ၂ | ၉ | - | ၉ | လျှပ်စစ်မီးလင်း ရေး | ၄ | ၆ |
| ၅ | လူမှုကူညီရေး | ၂ | ၁၅ | ၅ | ၂၀ | သာရေး/နာရေး | ၄ | ၆ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိသဖြင့် ကျေးရွာတွင် အသင့်သင့် ကောင်းမွန်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)** | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** |
|---|---|---|---|
| ၁ | အလင်းတန်း | ၅ | ငွေချေးလုပ်ငန်း |
| ၂ | မြစိမ်းရောင်သား/ငါး | ၄ | ငွေချေးလုပ်ငန်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်းများရှိပါသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ်က ကျေးရွာတွင် မြစိမ်းရောင်သား/ငါးမှာ ချေးငွေများကို ကျေးရွာဖွံ့ဖြိုးရေးအတွက် ချေးငွေများကို ကျေးရွာ ဥက္ကဋ္ဌရှိပေးအပ်ခဲ့ပါသည်။ သို့သော်ကျေးရွာသူကျေးရွာသားများ မျှော်ခဲ့သော်လည်း မရရှိခဲ့ပါ။ ကျေးရွာဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌအဖွဲ့ အစည်းထားလူများသာ ရရှိခဲ့ပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၂၄ | ၈၈% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁ | ၀.၃၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၆ | ၆.၃၂% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၂ | ၄.၇၂% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | - | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၅၃ | ၉၉.၃% | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဖလုံကံကုန်းကျေးရွာတွင် လက်လုပ်လက်စားများပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်သောလူများမှာ နည်းပါးသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ/ ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၁၁၀ ဧက | ရာသီအလိုက် | ရှိ |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာတွင်း စိုက်ပျိုးမြေပိုင်ဆိုင်မှု နည်းပါးသဖြင့်

နွေစပါးစိုက်ပျိုးဧကမှာ (၁၁၀)ဧကသာလျှင် စိုက်ပျိုးမြေရှိသဖြင့် ကျပန်းအလုပ်သမားများမှာ အလုပ်အကိုင်နည်းပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၁၆၉ | တင်း | ၆၀ | ၇၅ | ၇၀.၅ | ဇူလိုင် | နိုဝင်ဘာ | လတ် | လတ် | |
| နွေစပါး | ၁၁၀ | တင်း | ၇၀ | ၈၀ | ၇၅ | ဒီဇင်ဘာ | ဖေဖော်ဝါရီ | လတ် | လတ် | |
| မတ်ပဲ | ၄၄ | တင်း | ၇ | ၉ | ၈ | ဒီဇင်ဘာ | ဖေဖော်ဝါရီ | လတ် | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် အဓိကသီးနှံမှာ စပါးဖြစ်ပါသည်။ ကျေးရွာတွင် စပါးထွက်နှုန်းမှာ ၆၀/၇၀ သာစမ်းထွက်နှုန်းထွက်သဖြင့် တောင်သူလယ်သမားကြီးများမှာ အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်နေရပါသည်။ နည်းစနစ်များ လိုအပ်ပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | ၂၅ | |
| လက်တွန်းထွန်စက် | ၃ | - | - | - | - | - | |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | |

<table>
<tr><th rowspan="3">စက်အမျိုးအစား</th><th colspan="5">ပိုင်ဆိုင်မှု</th><th rowspan="3">စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်</th><th rowspan="3">မှတ်ချက်/ အခြေအနေ</th></tr>
<tr><th rowspan="2">တစ်ဦးချင်းပိုင်</th><th colspan="2">အဖွဲ့ပိုင်</th><th colspan="2">ရွာပိုင်</th></tr>
<tr><th>အရေအတွက်</th><th>လယ်သမားဦးရေ</th><th>အရေအတွက်</th><th>လယ်သမားဦးရေ</th></tr>
<tr><td>ရိတ်သိမ်းခြွေလှေ့စက်</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td>၂၆</td><td></td></tr>
<tr><td>ရိတ်သိမ်းစက်</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td></td></tr>
<tr><td>ခြွေလှေ့စက်</td><td>၂</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td></td></tr>
<tr><td>ရေစုပ်စက်</td><td>၆</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td></td></tr>
<tr><td>ခြေနင်းရေတင်စက်</td><td>၁</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td></td></tr>
<tr><td>မြက်ရိတ်စက်</td><td>၅</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td></td></tr>
<tr><td>အခြား</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td></td></tr>
</table>

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ဖလုံကံကုန်းကျေးရွာတွင် လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်မှု မရှိသဖြင့် ငှား၍လုပ်ကိုင်ရပါသဖြင့် ရာသီအချိန်တွင် အခက်အခဲရှိပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | စိုက်ပျိုးမြေရှိသည်။ |
| ရေရင်းမြစ် | အစိုးရဆည်ရေရရှိသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေး၊ အမှိုက်ဆွေးများရရှိသည်။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | တိုက်ကြီးမြို့တွင် ဝယ်ယူနိုင်သည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | စိုက်ဘဏ်/သမ/အာမိုမှချေးငွေရရှိသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | မြို့နယ်စိုက်ပျိုးရေးဌာနမှ တစ်ခါတစ်ရံပေးသည်။ |
| သွင်းအားစုဈေးကွက် | |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ရှိ/ကျေးရွာသို့လာရောက်ဝယ်ယူသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာတွင် တောင်သူကြီးများမှာ သီးနှံအထွက်နှုန်း တိုးစေရန် နည်းအမျိုးမျိုးနှင့် စိုက်ပျိုးရေးလုပ်ကိုင်သော်လည်း စနစ်မကျသဖြင့် ထွက်နှုန်းမှာ

မူလအတိုင်းသာရှိနေသဖြင့် မည်းစနစ်အကူအညီများလိုအပ်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | တိုးချဲ့၍မရနိုင်ပါ။ |
| မြေဆီလွှာဇီဝ အခြေအနေ | |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ပုံစံ (၇) မရှိလျှင် မရရှိ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ဆည်မြောင်းများတိမ်ကောလာခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားရှားပါးသည်။ ပြင်ပသို့ သွားရောက်လုပ်ကိုင် |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဆည်ရေရရှိသည်။ အနည်းငယ်သာ |
| စိုက်ပျိုးရေမလုံလောက်မှု | လုံလောက်မှုမရှိ |
| ဖျက်ပိုးနှင့် ရောဂါ | ဖျက်ပိုးနှင့်ရောဂါကျရောက်သည်။ |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကွက်လက်လှမ်းမမှီဈေးနှိမ်ဂယ် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးရေးဌာနရှိ တစ်ခါတစ်ရံပေး |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင်း စိုက်ပျိုးရေမလုံလောက်မှုနှင့် ရင်ဆိုင်နေရသောကြောင့် ဆည်မြောင်းများ ပြုပြင်ပေးစေလိုပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၂၄ | ၅၅ | |
| နို့စားနွား | ၂ | ၄ | |
| မြင်း | ၁ | ၁ | |
| ကျွဲ | ၃ | ၂၂ | |
| မြည်း | | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၄၁ | ၁၁၀ | |
| ကြက် | ၁၄၁ | ၁၅၃၀ | |
| ဘဲ | ၃၁ | ၂၈၈ | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၄ | ၂၀၀၀၀ | စီးပွားဖြစ်မွေးမြူ |
| ပုဇွန်ကန် | | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ဖလုံကံကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သူများနည်းပါသည်။ ငွေကြေး၊ အရင်းအနှီးများသဖြင့် ကျန်အိမ်ထောင်စုများမှာ မမွေးမြူနိုင်ပါ။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိပါ |
| ရေရရှိမှု | ရရှိနိုင်ပါသည် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | လက်ကမ်းမှီပါသည်။ မြို့နှင့်ဝေးကွာခြင်း |
| ဈေးငွေ | ရရှိသည်။ အတိုးနှုန်းကြီးသည်။ |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ခြံဝင်းမြေနေရာ လုံလောက်သည် |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | ငါး/ပုဇွန်လက်လှမ်းမီပါသည်။ |
| ဈေးကွေ | ဈေးကွေရရှိသည်။ |
| သွင်းအားစု လက်လှမ်းမီမှု | လက်လှမ်းမီပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မြို့နယ်တိရစ္ဆာန်မွေးမြူရေးဦးစီးဌာန |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာတွင် မွေးမြူရေး ကဏ္ဍတိုးတက်စေရန် အခွင့်အလမ်းများမရှိသဖြင့် မွေးမြူရေးသင်တန်းများ ဖြန့်ဝေပေးစေချင်ပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးကွေရရှိနိုင်မှု | မွေးမြူရေးသမားတိုင်း ဈေးကွေမလုံလောက်ပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကူးစက်မှုရောဂါနည်းပါးသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မြို့နယ်တိရစ္ဆာန်မွေးမြူကုသရေးဦးစီးဌာန |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံလက်လှမ်းမီမှု | မရှိပါ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ဈေးကွေရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံကံကုန်းကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု လွယ်ကူပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း/ အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | ၂၀ | | လတ် |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | ၁ | ၁ | ၁ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | ၁၅ | ၁၂ | လတ် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | ၂၂ | ၂၂ | ၁၅ | လတ် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | ၁၁ | ၁၁ | - | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမားအရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁၆ | အိမ်များတွင် အငှားလိုက် လုပ်သူများ နှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | မြင့် |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ တွင်လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၃၇ | ၁၂၉ | ၂၈ | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံက်ကုန်းကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများနည်းသဖြင့် အခြားအလုပ်များ စက်ပြင်၊ ကားမောင်း၊ ဆောက်လုပ်ရေးလက်သမား၊ ကြပန်းလုပ်ရပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

**ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စက်ပြင် | ပုံမှန်ဝင်ငွေရှိ၍ မိသားစုစားသောက်ယုံသာ ဖူလုံပါသည်။ |
| လျှပ်စစ်ပြုပြင်ရန် | |
| အိမ်တွင်းမှုလုပ်ငန်း | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ဖလုံက်ကုန်းကျေးရွာတွင် စက်ပြင်/ကားမောင်း/လက်သမား၊ ဈေးရောင်း/အရောင်းအဝယ်/ကျပန်းအလုပ်များကို ရှာကြံလုပ်ကိုင် စားသောက်ရပါသည်။

**ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စက်ပြင် | |
| လျှပ်စစ်ပြုပြင်ရန် | ဈေးကွက်မရှိသောကြောင့် အဆင်မပြေပါ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အိမ်တွင်းမှုပြုပြင်ရန် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။ လုပ်ငန်းရှင်များလည်း နည်းပါးသဖြင့် အလုပ်အကိုင် ရှားပါးပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စုအရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦးအနည်းဆုံးရှိသော အိမ်ထောင်စု | | - | - | - | - | - | - | - | - | - |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | | | | | | | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | | | | | | | | | |
| | ၆ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထက် | - | | | | | | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ရွှေ့ပြောင်းသွားလာမှုမရှိပါ။

### (၂.၃.၂)ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | |
| ၄ | အခြား | |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်** ။ ။ရွှေ့ပြောင်းသွားလာရခြင်းမရှိပါ။

## (၂.၃.၃)ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | | | | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | - | - | - |
| | -ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ရွှေ့ပြောင်းလုပ်ကိုင်သူများ မရှိခြင်းကြောင်း ပြန်ပို့ငွေမရှိပါ။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | (၁၁) မိုင်တိုက်ကြီးဈေး | (၆၀) မိုင် ရန်ကုန် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ကား/ဆိုင်ကယ်/သုံးဘီး | ကား |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | အမယ်စုံ | အမယ်စုံ |
| ဈေးအခြေခံအဆောက်အဦနှင့် | (၂၄) ရုံ (၉၆၇) ခန်း | |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဝန်ဆောင်မှု | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် ဈေးနှင့် (၁၁) မိုင်ကွာပါသဖြင့် ကုန်စည်ပစ္စည်းများမှာ ရောင်းဝယ်ရတာ လွယ်ကူပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | စိုက်ဘဏ် | တစ်ရာသီ | မလို | | ပုံစံ (၇) မရှိလျှင်မရ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | အပေါင်ပစ္စည်း | (၆) လ | ၄ကျပ်တိုး | ရွှေထည် ပစ္စည်း | လွယ်ကူသည် |
| မိတ်ဆွေနှင့် ဆွေမျိုးများ | မရှိ | (၁၅) ရက်မှ (၁) လ | ၁၀ကျပ်တိုး | မလို | ခက်ခဲသည် |
| အခြား | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်** ။ ။ဖလုံကံကုန်းကျေးရွာတွင် စိုက်ဘဏ်/အလင်းတန်းဘဏ်များမှာ ငွေကြေးချေးစနစ်ရှိပါသဖြင့် ငွေကြေးလက်လှမ်းမီပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

